# မောင်ပေါ်ထွန်း

MINDBEND
by
ROBIN COOK



# စိတ်ပြောင်း စိတ်လွဲ

# ဘာသာပြန်သူ၏ အမှာ

## (၁)

မူရင်းစာရေးဆရာ ရော်ဘင်ကွတ်မှာ မြန်မာစာဖတ်ပရိသတ်အတွက် မျက်နှာစိမ်း စာရေး ဆရာ မဟုတ်ပါ။ ယခင်က သူရေးသားခဲ့ပြီးသော Coma, Brain, Fever, Sphinx နှင့် Godplayer ဝတ္ထုငါးပုဒ်အနက် Coma နှင့် Fever တို့ ကို ဆရာနတ်နွယ်က ‘တစ်ဖန်ပြန်၍ မနိုးသော ဝေဒနာ’ နှင့် ‘အများ နှင့် တစ်ယောက်’ဟူ၍ လည်းကောင်း၊ ဆရာမောင်ကိုဝင်းက Sphinx ကို ‘လရိပ်ကို ဖမ်း နေကိုလှမ်း၍ ’ဟူ၍ လည်းကောင်း ဘာသာပြန်ဆိုခဲ့ကြပြီး ဖြစ်သည် ။

ထို့ကြောင့် ကျွန်တော့်အနေဖြင့် ရော်ဘင်ကွတ်ဝတ္ထုများ ဘယ်လောက်ကောင်းကြောင်း အထွေအထူး မောင်းခတ်ချီးကျူးစရာအကြောင်း မရှိတော့ပါ။ သူ၏ မြန်မာဘာသာပြန် အဆိုပါဝတ္ထု များက သက်သေခံနေပြီ ဖြစ်သည် ။

ရော်ဘင်ကွတ်သည် ဆရာဝန်တစ်ယောက် ဖြစ်သည် ။ ကိုလံဘီယာတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ ကို ရရှိခဲ့သည် ။ ဟားဗက်တက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်းပြီးဆုံးခဲ့သည် ။

သူသည် ဝါသနာအလျောက် စာလည်း ရေးသည် ။ ရေလည်း

ငုပ်သည် ။ ပင်လယ်ပြင် ဓာတ်ခွဲ ခန်းတွင် ရေငုပ်သုတေသနပညာရှင်အဖြစ်လည်းကောင်း၊ ပြင်သစ်နိုင်ငံတောင်ပိုင်းရှိ အဏ္ဏဝါဗေဒ သိပ္ပံတွင် အလုပ်သင် သုတေသနလက်ထောက်အဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည် ။

ယခုအခါ ရော်ဘင်ကွတ်သည် အောင်မြင်သော စာရေးဆရာတစ်ယောက်ဖြစ်နေပြီ။ သူ့ဝတ္ထု များကို အုပ်ရေ သိန်းသန်းချီ၍ ထုတ်ဝေနေရသဖြင့် 'ရိုက်မလောက် ရောင်းတိုင်းစွံ'စာရင်းဝင် ကမ္ဘာကျော် စာရေးဆရာဖြစ်နေပြီ။

(၂)

ကြုံကြိုက်တုန်း ဤဝတ္ထုကို ဘယ်ပုံဘယ်နည်း ကျွန်တော်ဘာသာပြန်ဖြစ်ပုံကို ပြောပြလိုပါ သည် ။

လွန်ခဲ့သော ဇွန်လလယ်အတွင်းက ဖြစ်သည် ။ တစ်နေ့တွင် ဆရာနတ်နွယ်၊ ဘဝတက္ကသိုလ် ကိုနေဝင်းနှင့် ကျွန်တော်တို့ သုံးယောက်သား ဘာသာပြန်စရာ စာအုပ်အရှာထွက်ကြရင်း ရွှေဘုံသာ လမ်း စာအုပ်ဆိုင်တစ်ဆိုင်ကို ဝင်ကြည့်ကြသည် ။

ဝင်ဝင်ချင်း ဆရာနတ်က စာအုပ်စင်ပေါ်မှ အင်္ဂလိပ်ဝတ္ထုစာအုပ်တစ်အုပ်ကို ဆွဲယူလိုက် သည် ။

'ဒီဝတ္ထု ဆရာ မဖတ်ရသေးဘူးလား'

ကျွန်တော်က မေးလိုက်သည် ။

'ဟုတ်တယ်၊ မဖတ်ဖြစ်သေးဘူး၊ ဖတ်ကြည့်လိုက်ဦးမယ်'

'ဒီရောက်နေတာတော့ အတော်ကြာပါပြီ၊ နှစ်နှစ်လောက် ရှိရော့မယ်'

ကိုနေဝင်းက ဝင်ပြောသည်။

'ဘယ်သူမှ မပြန်ကြသေးဘူးလား'

'ပြန်သံတော့ မကြားသေးဘူး'

'ဘာဖြစ်လို့ မပြန်ကြတာလည်း မသိဘူး၊ ရောက်နေတာ ဒီလောက်တောင်ကြာမှ ပဲ'

'မဖတ်ဖြစ်ကြသေးလို့ ဖြစ်မှာ ပေါ့၊ တချို့လည်း ပြန်လက်စတွေ ရှိနေလို့ ဖြစ်နိုင်တယ်'

'စာအုပ်က အထူကြီးပဲ၊ နှစ်အုပ်တွဲထုတ်မှ ဖြစ်မှာ ၊ ကုန်သွယ်ရေး ဌ က စက္ကူမပေးလို့ မပြန် ဖြစ်တာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်'

'ဟုတ်တယ်၊ အဲဒါလည်း ဖြစ်တော့ ဖြစ်နိုင်တယ်'

ထိုနေ့က ကျွန်တော်တို့ ထိုစာအုပ်အပါအဝင် အခြားဖတ်စရာ စာအုပ်များ ပါ ငှားပြီး ပြန်ခဲ့ကြ သည်။

(၃)

နောက်နှစ်ရက်ကြာတော့ ၃၇ လမ်း ဘဝတက္ကသိုလ်စာအုပ်တိုက်သို့ ကျွန်တော်ရောက်သွား သည်။

ဆရာနတ်လည်း ရောက်နှင့် နေသည်။

'ဟိုနေ့က ကျွန်တော်ငှားခဲ့တဲ့ စာအုပ်တွေကတော့ တစ်အုပ်မှ အလုပ်မဖြစ်ဘူးဗျာ'

ကျွန်တော်က ရောက်ရောက်ချင်း ကိုနေဝင်းကို ပြောလိုက်သည် ။

'ဒါဆို ဒီစာအုပ် ဖတ်ကြည့်ပါလား'

ကိုနေဝင်းက စားပွဲပေါ်တင်ထားသော ဝတ္ထုစာအုပ်တစ်အုပ်ကို ကမ်းပေးသည် ။

'ဟင် ... ဒီစာအုပ်က ဟိုနေ့က ဆရာနတ် ငှားလာတာ မဟုတ်လား၊ ဘာလဲ၊ ဆရာ မပြန်ဘူး လား၊ မကောင်းလို့ လား ဆရာ'

ဆရာနတ်က သူ့ထုံးစံအတိုင်း ညင်သာစွာပြုံးရင်း -

'ကောင်းတယ်၊ တော်တော့်ကို ကောင်းတယ်၊ သိပ်ပြန်ချင်တယ်၊ ဒါပေမဲ့ အချိန်မရဘူး၊ ပြန်လက်စစာအုပ်ကို အပြီးရေးရဦးမယ်၊ ကိုပေါ်ထွန်း ဖတ်ကြည့်ပါ၊ ကြိုက်ရင် ပြန်ပါ'

ဟုတ်ပါသည် ။ ဆရာနတ်မှာ ပြန်လက်စ 'ကာရာမဇော့ ညီအစ်ကိုများ ' ဂန္ထဝင်ဝတ္ထုကြီးက တန်းလန်းရှိနေသည် ။ ပြီးတော့ ဘဝတက္ကသိုလ်စာပေမှ လစဉ်ထုတ် "သည်းထိတ်ဖို" စာအုပ်ကို လည်း တာဝန်ယူ စီစဉ်နေရသည် ။

ဤသို့ဖြင့် ထိုဝတ္ထုကို ကျွန်တော်ဖတ်ဖြစ်သည် ။ တစ်ထိုင်တည်းနှင့် နောက်ဆုံးစာမျက်နှာ၊ နောက်ဆုံးစာလုံးအထိ ဖတ်ပစ်လိုက်တော့သည် ။

ဖတ်ပြီးသည် နှင့် ထိုဝတ္ထုကို အစအဆုံး ကျွန်တော် ဘာသာပြန်ဖြစ်သွားပါသည် ။

ထို စာ အု ပ် မှာ ယခု စာဖတ်သူ လက်ထဲရောက်နေပြီဖြစ်သော စာအုပ်ပင် ဖြစ်ပါသည် ။

ဆရာနတ်နွယ်အား ကျေးဇူးတင်ပါသည်။

**မောင်ပေါ်ထွန်း**
**(၁၈၊ ၈၊ ၈၇)**

******

# မူရင်းစာရေးဆရာ၏ အမှာ

၁၉၆၆ ခုနှစ်တွင် ကျွန်တော် ဆေးပညာဘွဲ့ကို ရရှိခဲ့သည့် အချိန်မှ စ၍ "ဆေးပညာလောက၏ ပြဿနာ"အကြောင်းကို မကြာခဏ ကြားသိနေခဲ့ရသည် ။ ယင်းပြဿနာမှာ အခြားမဟုတ်။ ဆေးပညာလောကတွင် ဆရာဝန်တွေ အလွန်နည်းနေသည် ၊ အလွန်များနေသည် ၊ ဆေးရုံများ တွင် ခုတင် တွေ အလွန်နည်းနေသည် ၊ အလွန်များ နေသည် ဟူသော နှစ်ဖက်ခွ ဆန့်ကျင်ဘက် ပြဿနာပင် ဖြစ် သည် ။ ဤပြဿနာအကြောင်းကို နားလျှံအောင် ကြားနေရ၍ နောက်ဆုံးတွင် စိတ်ဝင်စားသူ မရှိ သလောက် ဖြစ်လာခဲ့သည် အထိ ဖြစ်သည် ။ ဤသို့ ဖြစ်ရခြင်းမှာ လည်း ကျားမလာဘဲနှင့် 'ကျား၊ ကျား'ဟု ခဏ ခဏ အော်လေ့ရှိသော နွားကျောင်းသားအော်သံကို ဘယ်သူကမျှ မယုံတော့သလို ဖြစ်ခဲ့ရသောကြောင့် ဖြစ်သည် ။

သို့သော် ဆေးပညာလောကတွင် "ပြဿနာ"ရှိနေသည် ကတော့ အမှန်ပင်။ ယနေ့ ကျွန်တော် တို့ ရင်ဆိုင်နေသော "အဓိကပြဿနာ"မှာ ဆေးပညာလောကသို့ စီးပွားရေးသမားများ အလုံးအရင်း နှင့် ဝင်ရောက်လာခြင်းပင် ဖြစ်သည် ။

ဆေးပညာသည် အစဉ်အလာအားဖြင့် အလွန်မွန်မြတ်သော၊ အလွန်မြင့်မြတ်သော "စေတနာ လုပ်ငန်း" ဖြစ်သည် ။ သို့သော် ယနေ့ဆေးပညာလောက၌ စေတနာထက် အသပြာက ပို၍ အားကြီး

နေသည် ။ ဆေးဝါးထုတ်လုပ်ခြင်းသည် အရင်းအနှီးနည်းပြီး အမြတ်အစွန်းများ သည် ။ စီးပွားရေး လုပ်ငန်းရှင်ကြီးများက ဤအချက်ကို အခွင့်ကောင်းယူကာ ဆေးပညာလောကကို လက်ဝါးကြီးအုပ် လာကြသည် ။ အမြတ်အစွန်းရရှိရေးသည် သာ အဓိကဟူသော ဦးတည်ချက်ဖြင့် ဆေးဝါးမျိုးစုံကို ထုတ်လုပ်ရောင်းချလာကြသည် ။

ဤသို့ဖြင့် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများ ၊ ဆေးရုံများ ၊ ဆေးသိပ္ပံ သုတေသနဌာနများ ၊ ပြည်သူ့ကျန်းမာရေးဌာနများ နှင့် ဆေးခန်းများ မှို လိုပေါက်လာကြသည် ။ ဤအကျိုးဆက်ကြောင့် ဆရာဝန်များ နှင့် သူနာပြုလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အများ စုကလည်း စေတနာထက် အသပြာကိုသာ အဓိကထားလာကြသည် ။

ထိုအခါ ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီပိုင်ရှင်များ နှင့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းပိုင်ရှင်များ က ဆရာဝန်များ နှင့် သူနာပြုအား နည်းအမျိုးမျိုးဖြင့် ဖြားယောင်းမြှူဆွယ်ကာ သူတို့ ၏ ခါးပိုက်ထဲ သို့ ထည့်လာကြသည် ။ သူတို့ က ဆေးသိပ္ပံ လောကသားများအား မက်လောက်အောင် လာဘ်ထိုးကြ သည် ။ စွဲလောက်အောင် လခပေးကြသည် ။ ထို့ကြောင့် ဆရာဝန်များ နှင့် သူနာပြုများ သည် ဆေး ပညာကို တိုးတက်ရေးနှင့် အများ ပြည်သူ ကျန်းမာရေးထက် ပိုက်ဆံများများ ရနိုင်ရေးနှင့် မိမိတို့ လုပ် ငန်းရှင်များ ကျေနပ်မှုရရှိရေးတို့ ကိုသာ ဦးစားပေးလုပ်ဆောင်လာကြတော့သည် ။

ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကြီးများ သည် မိမိတို့ ထုတ်လုပ်သော ဆေးဝါးများ ဈေးကွက် တွင် အရောင်းသွက်ရေးအတွက် နည်းမျိုးစုံဖြင့် အပြိုင်အဆိုင်

ကြော်ငြာနေကြသည် ။ အမေရိကန် ပြည်ထောင်စုတွင် ဆေးကျောင်းသားများ အတွက် သုံးစွဲသော ပညာရေးစရိတ်ထက် ဆေးကြော်ငြာ စရိတ်က အဆပေါင်းများ စွာ ပို၍ များ နေသည် မှာ အထင်ရှားဆုံး သာဓက ဖြစ်သည် ။

ထို့ထက် ဆိုးရွားသည် ကား ဆေးကုမ္ပဏီကြီးများ သည် အမြတ်ရရေးအတွက်သာ အဓိက ထားပြီး ပြည်သူများ အတွက် အန္တရာယ်မကင်းသော ဆေးဝါးများကိုလည်း အများ အပြား ထုတ်လုပ် နေကြခြင်းပင် ဖြစ်သည် ။ ထို့ပြင် အချို့သော ဆေးပညာ သုတေသနဌာနများကလည်း ဆေးသိပ္ပံ ပညာ တိုးတက်ရေးအတွက်ဟူ၍ အသံကောင်းဟစ်ကာ လူ့သိက္ခာ၊ လူ့ကျင့်ဝတ်နှင့် ဆန့်ကျင်သော နည်းလမ်းများကို စမ်းသပ်တီထွင်နေကြသည် ။

ယင်းသို့သော လုပ်ရပ်များ သည် မွန်မြတ်သော၊ မြင့်မြတ်သော ဆေးပညာကို ဖျက်ဆီးခြင်း ဖြစ်သည် ။ ကမ္ဘာ့ပြည်သူတို့ ၏ ပျက်စီးရာ ပျက်စီးကြောင်းကို ဖြစ်စေသော ကြောက်စရာအကောင်း ဆုံး ဒုစရိုက်လုပ်ရပ်ကြီးလည်း ဖြစ်သည် ။

ဤအချက်ကို အများ ပြည်သူ စာဖတ်ပရိသတ်များ သတိပြုစေလိုသော စေတနာရည်စူးချက် ဖြင့် ဤဝတ္ထုကို ကျွန်တော်ရေးသားခြင်း ဖြစ်ပါသည် ။

**ရော်ဘင်ကွတ်**

******